# စစ်ကိုင်းမြို့၌ အမျိုးသားနိုင်ငံရေးအင်အားစုများ
# အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကျင်းပ







ဇွန်လ (၄)ရက် တနင်္လာနေ့ နံနက် (၈း၃၀)နာရီတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ထူပါရုံရှေ့ကျောင်းတိုက်၌ အမျိုးသားနိုင်ငံရေး အင်အားစုများ၏ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားမှူးအဖြစ် ကိုသန်းဦး (၈၈) မျိုးဆက်ကျောင်းသား လူငယ်မှဆောင်ရွက်ခဲ့သည်။ အခမ်းအနားစီစဉ်ကျင်းပရခြင်းအကြောင်းကို အထက်မြန်မာပြည်တာဝန်ခံ ဦးလှမြင့်မှ ရှင်းလင်းတင်ပြပြီးသည့် နောက် ဝံသာနု NLD မှ ဒေါက်တာ စိုးလင်း၊ အမျိုးသားနိုင်ငံရေးလူငယ် NLD မှ ကိုဝင်းဇော်၊ မန္တလေးတိုင်း နုတ်ထွက် NLD များကိုယ်စား ဒေါ်နန်းရွှေကြာ ၊ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များမှ ဒုတိယဥက္ကဋ္ဌ ကိုရဲထွန်း ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုမှ ဦးလှသိန်း၊ နိုင်ငံရေး ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုမှ ဦးခင်မောင်ဦး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနနှင့်တိုးချဲ့ထုတ်လုပ်ရေးကျောင်းတော်သားစုမှဦးလှမြင့်၊ အမျိုးသားညီလာခံကိုယ်စားလှယ်နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖွဲ့မှ ဦးကြည်ဝင်း အမျိုးသားနိုင်ငံရေး အင်အားစုများပူးတွဲလုပ်ငန်းကော်မတီ အောက်မြန်မာပြည်တာဝန်ခံ ကိုအေးလွင်တို့ အမျိုးသားနိုင်ငံရေး တွေ့ဆုံရှင်းလင်းပွဲများအကြောင်းရှင်းလင်းတင်ပြခဲ့သည်။

တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၏ မေးမြန်းချက်များအား အမျိုးသားနိုင်ငံရေး အင်အားစုများ ပြန်လည်ဖြေကြားခဲ့သည်။ ထိုနောက် စာနယ်ဇင်းဆရာ၊ ဆရာမများ၏ မေးမြန်းချက်များအား အမျိုးသားနိုင်ငံရေး အင်အားစုများက ပြန်လည်ဖြေကြားပြီးနောက် စစ်ကိုင်းမြို့ ထူပါရုံရှေ့ကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားနိုင်ငံရေး အင်အားစုများ၏ အမျိုးသားရေး တွေ့ဆုံရှင်းလင်းပွဲကို နေ့လယ် (၁၂း၃၀)နာရီတွင် ရုပ်သိမ်းခဲ့သည်။

သတင်းထောက်-ခင်မောင်ညွှန့်